ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်

# စည်ပင်ကြီးကျေးရွာအုပ်စု၊ ရွာသစ်ကြီးကျေးရွာ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

## (Village Development Plan)

## ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ရွာသစ်ကြီးကျေးရွာ၊ ဇေယျာသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၆ခုနှစ်၊ ဇွန်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၃ |
| | ဖေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာပြမြေပုံ၊ ကျေးရွာရာသီခွင်ပြပုံ၊ | ၄ |
| | ဖေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာ၊ ဥစ္စာခနေပြပုံ၊ ကျေးရွာအဖွဲ့အစည်း ပြပုံ | ၅ |
| ၁ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၆ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆-၇ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇-၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၈ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈-၉ |
| | (ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး | ၉ |
| | (ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး | ၉ |
| ၇။ | ပညာရေး | ၉ |
| ၈။ | ကျန်းမာရေး | ၁၀ |
| | (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ | ၉ |
| | (ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး | ၁၀ |
| ၉။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း | ၁၀ |
| | (က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း | ၁၀ |
| | (ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း | ၁၀-၁၁ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၁ |
| ၁၁။ | ဦးစားပေးစီမံချက် လုပ်ငန်းများဇယား | ၁၁-၁၂ |
| နောက်ဆက်တွဲများ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၅-၅၈ |
| | နောက်ဆက်တွဲ (၄) ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား | ၅၉-၆၀ |
| | နောက်ဆက်တွဲ(၅)စီမံချက်အဆိုပြုလွှာ(သို့မဟုတ်)စီမံချက်အကြောင်းအရာ | ၆၁-၆၂ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP)ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန်လ၊ ၂၀၂၆ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွာသစ်ကြီးကျေးရွာ
ဇေယျာသီရိမြို့နယ်

## ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု ၊ ရွာသစ်ကြီးကျေးရွာ၏ သဘာဝသယံဇာတပြပုံ




## ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု ၊ ရွာသစ်ကြီးကျေးရွာ၏ ရာသီခွင်ပြပုံ

ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာ ရာသီခွင်ပြဇယား

| စဉ် | အကြောင်းရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | ☀ | ☀ | ☀ | 🌧 | 🌧 | ☀ | ☀ | | | | | ☀ |
| ၂ | အလုပ်အကိုင် | တောင်သူများ | | T T T | T T T | T T T | ရိတ်သိမ်း | မတ်ပဲ | ခရမ်းချဉ် ↓↓↓ | ••••• | ••••• | ရိတ်သိမ်း | |
| ၃ | ဝင်ငွေရရှိမှု | သင့် | သင့် | များ | သင့် | သင့် | များ | သင့် | သင့် | များ | သင့် | များ | များ |
| ၄ | စားသုံးစရိတ် ဝင်ငွေ / ထွက်ငွေ | သင့် | သင့် | သင့် | သင့် | နည်း | နည်း | သင့် | သင့် | သင့် | သင့် | သင့် | သင့် |
| ၅ | သောက်သုံးရေ | သင့် | သင့် | သင့် | လုံလောက် | လုံလောက် | လုံလောက် | သင့် | သင့် | လုံလောက် | လုံလောက် | သင့် | သင့် |
| ၆ | တိရစ္ဆာန်ရောဂါ ကျရောက်မှု | - | - | - | - | ခွာနာ | - | - | - | - | ဝက်နာ | - | ကြက်နာ |
| ၇ | ကျန်းမာရေးအခြေနေ | | - | - | - | - | - | - | - | - | - | - | - |
| ၈ | တိရစ္ဆာန်အစာရရှိမှု | သင့် | သင့် | သင့် | များ | များ | များ | သင့် | သင့် | နဲ | နဲ | သင့် | သင့် |
| ၉ | ပွဲတော်များ | သင်္ကြန်ပွဲ | | | | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | ထမနဲပွဲ | |

# ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးအုပ်စု၊ ရွာသစ်ကြီးကျေးရွာ၏

# အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ




# ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးအုပ်စု ၊ ရွာသစ်ကြီးကျေးရွာ၏ ဥစ္စာဓနပြပုံ

၁။

ရွာသစ်ကြီး ကျေးရွာ ဥစ္စာဓန သတ်မှတ်ခြင်း

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | အကြောင်းရာ | အဆင်ပြေအိမ်ထောင်စု | အလယ်လတ်အိမ်ထောင်စု | မပြေလည်အိမ်ထောင်စု | အလွန်မပြေလည်အိမ်ထောင်စု | မှတ်ချက် |
| ၂ | မြေယာပိုင်ဆိုင်မှု | ၅ ဧက အထက် ၇၀ | ၁ ဧက အောက် ၄၀ | ၂ ဧကအောက် ၃၀ | မြေယာမဲ့ ၂၄၉ | — |
| ၃ | ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်-ဂျေစက် ၅ - ၆၀ | ကား-ဆိုင်ကယ် သုံးဘီး ၅ - ၁၂၀ | နွား / နွားလှည်း ၂၀ ၃ | — | — |
| ၄ | အိမ်အခြေအနေ | အုတ်-ဘိလပ်မြေ တိုက်-အိမ် x x | ပျဉ်ထောင်-အုတ်မိုး ၅၀ | ပျဉ်ခင်း/ထရံကာ ၂၄၀ | ဓနိ / သက်ကယ်မိုး ၁၁၉ | — |
| ၅ | အဓိကစီးပွားရေး လုပ်ငန်း | ဝင်ငွေများ စပါး | အသင့်-အတင့် [illegible] | ဝင်ငွေနည်း ပန်းရံ | ဝင်ငွေအလွန်နည်း နေ့စား | — |
| ၆ | အိမ်ထောင်စု | ၈၅ | ၁၅၀ | ၁၀၀ | ၇၀ | — |

CS CamScanner

**တည်နေရာနှင့် ပထဝီဝင် အနေအထား**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၏ အရှေ့တောင်
ဘက်ပိုင်းတွင်တည်ရှိသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်။အရှေ့လောင်ဂျီကျူ့(၉၆.၂၆၉၄၀၃)နှင့် မြောက်လတ္တီကျူ့(၁၉.၇၄၄၁၃၈)ကြားတွင်တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်စည်ပင်သာယာကျေးရွာ၊ အနောက်ဘက်တွင်သာယာကုန်းကျေးရွာနှင့်တောင်ဘက်ခြမ်းတွင် ညောင်ပင်ကြီးကျေးရွာရှိပြီး ကျေးရွာ၏ မြောက်ဘက်ခြမ်းတွင် လယ်ကွင်းများ ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၄၀.၀ HC)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၂.၆ HC) ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန်မှာ (၄၅")ခန့် ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ ရွာသစ်ကြီးကျေးရွာတွင် အိမ်ထောင်စု (၄၀၅)စု ၌ကျား(၈၁၀)ဦး၊မ(၉၆၆)ဦး၊ စုစုပေါင်းလူဦးရေ(၁၇၇၆)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးခန့်နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၇၃%) ခန့်ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သော သူများ ကို အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာများထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ်လုပ်နိုင်သော လူဦးရေမှာပိုမိုများပြားပါသည်။ အသက် (၆၅)နှစ် နှင့်အထက်သက်ကြီး ရွယ်အိုလူဦးရေမှာ ကျေးရွာရှိလူဦးရေ၏(၃%)ခန့်ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးအုပ်စု၊ ရွာသစ်ကြီးကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ ကျေးရွာ အတွင်းရှိပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုးအဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရှုိကြောင်း တွေ့ရှိရ

ပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိ အမြင် ဗဟုသုတများအပိုင်း(ဥပမာ-အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက်ရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးအုပ်စု၊ ရွာသစ်ကြီးကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၃၁%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေဧက(၄၅၀)ဧကနှင့်ယာမြေဧက(၂၀)ဧကရှိပြီး စပါး၊ပဲ၊ မတ်ပဲ၊ပဲကြီး၊ပြောင်းနှင့်ခရမ်းချဉ် စသည့် သီးနှံ များကို အဓိကစိုက်ပျိုးကြပါသည်။အဟန့်အတား အနေဖြင့် စိုက်ပျိုးမြေ တိုးချဲ့ရနိုင်ခြေနည်းပါးခြင်း၊ အလုပ်သမားစရိတ် မြင့်မားခြင်း၊ ဖျက်ပိုးများ ကျရောက် တတ်ခြင်း၊ အရင်းအနှီး အလွယ်တကူမရရှိ နိုင်ခြင်းတို့လည်း ဖြစ်နေဆဲ ဖြစ်ပါသည်။ သီးနှံထွက်နှုန်းများတွင်စပါး၊မတ်ပဲ၊ပြောင်း၊သီးနှံများအထွက်နှုန်းကောင်းမွန်ပြီးရောင်းချရသည့်ဈေးနှုန်းလျော့နည်းခြင်းကြောင့် အမြတ်ရရှိမှုနည်းပါးပါသည်။ အခြေအနေကောင်းတစ်ရပ်အနေဖြင့် စိုက်ပျိုးသီနှံအထွက်နှုန်းများကိုရောင်းချနိုင်ရန် ဈေးကွက်အလုံ အလောက်ရှိပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

**ဇယား(၈) ရွာသစ်ကြီးကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | နို့စားနွား | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | ရွာသစ်ကြီး | ၄ | | ၁၀ | - | ၁၉၅၀ | | - |

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။ ကျွဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်ကြသော်လည်း နွားမွေးမြူရေးလုပ်ငန်းများအတွက် စားကျက်မြေ သီးသန့်မရှိခြင်းနှင့်စက်ပစ္စည်းသုံးစွဲမှုများလာသောကြောင့် နွားမွေးမြူသူနည်းပါးလာပါသည်။သီးနှံများရိတ်သိမ်း

ပြီးချိန်တွင်စိုက်ကွင်းမြေပေါ်တွင် လွှတ်ကျောင်းရပြီး ကောက်ရိုးနှင့်ရိတ်သိမ်းပြီးပဲပင်များကို နွားစာအဖြစ်ပြန်လည် အသုံးပြုကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ အခြားဒေသများရှိ ထုတ်ကုန်လုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ ဈေးဆိုင်၊ အပ်ချုပ်ဆိုင်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ ကျေးရွာနှင့်မြို့ပေါ်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းကောင်းမွန်ခြင်းနှင့် နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ်နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေးသွားလာနိုင်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဇေယျာသီရိမြို့နယ်၊ **ရွာသစ်ကြီး**ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းမှ အဖွဲ့လိုက်ငွေစု/ငွေချေး အစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး အတိုးနှုန်းမှာ (၂%)မှ (၅%)အထိရှိပါသည်။

# ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် လယ်ယာထွက်ကုန်များ ထုတ်လုပ်နိုင်ပါက ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသော အဟာရသုခဈေးရှိပြီး ဈေးကွက်အလုံ အလောက်ရှိပါသည်။ ကုန်စိမ်းနှင့် သားငါးများကို အဟာရသုခဈေးတွင် အလွယ်တကူ ဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ကားများ ဖြင့်သော်လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့်ကားများကိုအသုံးပြုကြပါသည်။ကျေးရွာသည်ရန်ကုန်-မန္တလေး လမ်းဟောင်းသို့ဆက်သွယ်ထားသောကျေးရွာချင်းဆက်လမ်းနှင့်နီးပြီး လမ်းပန်းဆက်သွယ်ရေး အနေဖြင့်ကောင်းမွန်ပါသည်။ကျေးရွာရှိရွာတွင်း လမ်းမကြီး၏ စုစုပေါင်းအရှည်မှာ (၂၅၀၀)ပေခန့် ရှိပြီး

ရွာတွင်းလမ်းများမှာပေ(၃၀၀၀)ခန့်ရှည်လျားပြီး ရိုစာလမ်းများဖြစ်ကာ မိုးရာသီအချိန် တွင် အချို့သောရွာတွင်းလမ်းများမှာ ရေတင်ပြီးဗွက်ထကာသွားရေးလာရေးအနည်းငယ် ခက်ခဲ လျက်ရှိပါသည်။

**(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး**

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုနေကြသည့် အိမ်ထောင်စုမှာ (၇၈%)နှင့် လျှပ်စစ်မီးအသုံး မပြုနိုင်သေး သော အိမ်ထောင်စုမှာ (၂%)ရှိပါသည်။ မဟာဓါတ်အားလိုင်း၏ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါသည်။

**(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး**

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက် နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TV, စလောင်း များ အများအပြားအသုံးပြုလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာ အနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များဖြစ်သော MPT, Ooredoo, Atom, Mytel(၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက် များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတ များနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိနိုင်ပါသည်။

## ၇။ ပညာရေး

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် အခြေခံပညာမူလတန်း ကျောင်းဖွင့် လှစ်သင်ကြားလျက်ရှိပြီး၊ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက်ထားသော ကျောင်းဆောင် များမှာ အရည်အသွေးကောင်းမွန်ပါသည်။ ကလေးအများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီကြပါသည်။ အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းသော်လည်း အလုပ် လုပ်နိုင်သည့်အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ် တစ်ရပ် ပင်ဖြစ် ပါသည်။ လူငယ်များမှာ အလုပ်လုပ်ကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်းနည်းပညာအား နည်းခြင်း များ ကြောင့်၊သင်တန်းများပို့ချပေးပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ် သော ရင်းနှီးငွေ/ ချေးငွေများပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေအသင့် အတင့်ရလာနိုင်မည်ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

**(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ**

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာ မရှိပါကြောင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း ၊ ဖျားနာခြင်းနှင့် ကျန်းမာရေးအခြေအနေစစ်ဆေးခြင်းများ၊ ဆေးထိုးဆေးတိုက်ခြင်းများအား အုပ်စုကျေးရွာဖြစ်သည့်စည်ပင်ကြီးကျေးရွာသို့ သွားရောက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့်အရေးပေါ်လူနာများရှိခဲ့လျှင် ကျေးရွာမှ(၁၀)မိုင်ခန့်ဝေးသောနေပြည်တော် ကုတင်(၁၀၀၀)ဆံ့ဆေးရုံသို့ လည်းကောင်း ၊(၆)မိုင်ခန့်ဝေးသောပျဉ်းမနားမြို့အတွင်းနီးစပ်ရာဆေးရုံများသို့လည်းကောင်း သွားရောက် ကုသကြပါသည်။ကျေးလက်နေပြည်သူများအကြား ဝမ်းပျက်ဝမ်းလျှော်နှင့်သွေးလွန်တုပ်ကွေးရောဂါများသည် ရာသီ အလိုက်ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ကျန်းမာရေးအသိပညာပေးခြင်းတို့အား ဆောင်ရွက်ပေးသင့်ပါသည်။ကျန်းမာရေးဦးစီးဌာနမှလည်းသတ်မှတ်အရွယ်ရောက်သူတိုင်းအား သတ်မှတ်ကာလများတွင် ကျေးရွာအထိလိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးပေးလျက်ရှိပါသည်။

**(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး**

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် သောက်သုံးရေကို ဌာနမှဆောင်ရွက်ပေးထားသော ရေစင်မှလည်းကောင်း ၊ အဝီစိစက်တပ်တွင်းများမှလည်းကောင်း သုံးစွဲကြပြီး၊ ကျေးရွာရှိအိမ်ထောင်စု အားလုံးအတွက်လုံလောက်မှုရှိပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးပိုင်းတွင်ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ(၁၀၀%)ရှိသဖြင့် ကျေးရွာသူ/သားများအနေဖြင့်ကျန်းမာရေးဆိုင်ရာအသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါ သည်။

**၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း**

**(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း**

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် မြေဆီလွှာအနေအထားမှာ လယ်မြေအမျိုးအစားဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဘူးခွံများကိုစနစ်တကျစွန့်ပစ်ရန် လိုအပ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ငါးမျိုး ကွဲများ၊ ရှားပါးတိရိစ္ဆာန်များမရှိပါ။

**(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း**

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းများ မရှိပါသော်လည်း ပေါင်းလောင်းမြစ်နှင့်အနီးတွင်

တည်ရှိသဖြင့် မိုးတွင်းကာလတွင်မိုးသည်းထန်စွာရွာသွန်းပါကကျေးရွာတွင်းသို့ရေဝင်ရောက်မှုရှိပါသည်။လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ မူခင်းများကာကွယ်တာဆီးရေး အတွက် မြန်မာရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ အား ဟောပြောပြုလုပ်ပေးလျက်ရှိပါသည်။

## ၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှုရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူအခွင့်အရေးရရှိပြီး နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီး/အမျိုးသားများ ဟူ၍ခွဲခြား ခြင်းမရှိပဲ လုပ်ကိုင်ရသည့်လုပ်ငန်းအပေါ်မူတည်၍လုပ်အားခသတ်မှတ်သည်ကိုတွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် မရှိသလောက်နည်းပါးသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေးနာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာ အုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းပါသည်။ ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေးပေးပြီး ဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းနည်းပါးပါသည်။ ကျေးလက် နေလူထု၏ အလုပ်လုပ်နိုင်သော အင်အားထက် ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေး ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေပါမည်။ ကျားမဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက် ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

## ၁၁။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား နောက်ဆက်တွဲများ

နောက်ဆက်တွဲ -၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ -၂။ ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ

နောက်ဆက်တွဲ -၃။ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ -၄။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ -၅။ စီမံချက်အဆိုပြုလွှာ(သို့မဟုတ်)စီမံချက်အကြောင်းအရာ

နောက်ဆက်တွဲ(၁)

## ရွာသစ်ကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစီစစ်ရေး ကဒ်ပြားအ မှတ် | အသက် | ပညာအရည် အချင်း | တာဝန် | ဆက်သွယ်ရမည့် ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးမောင်ရီ | ဦးတင်ဥ | ၉/ပမန(နိုင်)၂၀၃၆၀၀ | ၆၃ | ၄ တန်း | ဥက္ကဋ္ဌ | ၀၉-၉၄၂၂၇၉၀၄၀ | |
| ၂ | ဦးခင်မောင်လွင် | ဦးချင်းရောက် | ၉/ကပတ(နိုင်)၀၀၃၉၀၅ | ၅၃ | ၁၀ တန်း | အတွင်းရေးမှူး | ၀၉-၉၆၃၇၃၁၇၇၅ | |
| ၃ | ဦးဝင်းဆွေ | ဦးအောင်ဒွန် | ၉/ပမန(နိုင်)၂၁၀၈၅၆ | ၅၅ | ၈တန်း | ဥက္ကဋ္ဌ(ဝယ်ယူရေး) | ၀၉-၉၈၁၉၁၄၁၈၀ | သင်တန်းသား |
| ၄ | ဦးမောင်နိုင် | ဦးအောင်မြင့် | ၉/ပမန(နိုင်)၂၀၀၅၀၉ | ၅၃ | ၈တန်း | ဘဏ္ဍာရေးမှူး | ၀၉-၉၆၄၅၂၂၁၆၅ | သင်တန်းသား |
| ၅ | ဦးမြမောင် | ဦးပေါ်တာ | ၉/ပမန(နိုင်)၁၂၀၈၆၀ | ၅၂ | ၈တန်း | အဖွဲ့ဝင် | ၀၉-၆၈၈၈၈၇၃၆၃ | |
| ၆ | ဦးဇော်မိုးနိုင် | ဦးညွန့်မောင် | ၉/ပမန(နိုင်)၂၄၈၅၉၆ | ၃၇ | ၈ တန်း | အဖွဲ့ဝင် | ၀၉-၇၈၁၈၂၂၃၆၇ | |
| ၇ | ဒေါ်ရွှေစု | ဦးဖိုးဝင်း | ၉/ပမန(နိုင်)၂၀၆၃၄၇ | ၄၆ | BA(Geog) | အဖွဲ့ဝင် | ၀၉-၇၇၃၉၀၃၀၉၅ | |
| ၈ | ဒေါ်ပိတောက်ခိုင် | ဦးခင်မောင်မြင့် | ၉/ပမန(နိုင်)၁၃၄၂၅၂ | ၅၄ | ၅တန်း | အဖွဲ့ဝင် | ၀၉-၉၄၄၀၁၅၁၀၇ | |
| ၉ | ဒေါ်စံပယ်စန်း | ဦးလှရွှေ | ၉/တကန(နိုင်)၁၂၇၆၃၉ | ၅၀ | ၅တန်း | စာရင်းကိုင် | ၀၉-၉၆၅၃၉၉၈၆၅ | |

နောက်ဆက်တွဲ(၂)

## ရွာသစ်ကြီးကျေးရွာ၏ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|
| ၁။ | အုတ်စီရေမြောင်းတည်ဆောက်ခြင်း | ဦးစားပေး -၁ | |
| ၂။ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ဦးစားပေး -၂ | |
| ၃။ | ဆေးပေးခန်းတည်ဆောက်ခြင်း | ဦးစားပေး -၃ | |
| ၄။ | ရွာတွင်းလမ်းရိုစာခင်းခြင်း | ဦးစားပေး -၄ | |
| ၅။ | စက်ရေတွင်းတူးဖော်ခြင်း | ဦးစားပေး -၅ | |
| ၆။ | လျှပ်စစ်မီးတိုးချဲ့သွယ်တန်းခြင်း | ဦးစားပေး-၆ | |

**နောက်ဆက်တွဲ(၃)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

## (၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၁၁ | ၂၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၄ | ၂၀ | ၄၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၇ | ၅၃ | ၁၀၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၁ | ၈၇ | ၁၅၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၁၂ | ၇၃၈ | ၁၃၅၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၄၄ | ၅၇ | ၁၀၁ |
| **စုစုပေါင်း** | | **၈၁၀** | **၉၆၆** | **၁၇၇၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၀၅အိမ်** | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် လူဦးရေအနေဖြင့် အိမ်ထောင်စုပေါင်း (၄၀၅) စု ရှိပြီး ကျား (၈၁၀)ဦး၊ မ (၉၆၆) ဦးဖြင့် လူဦးရေပေါင်း (၁၇၇၆)ဦး ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုး အများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ အလုပ်လုပ်နိုင်သောအရွယ်သည် အမျိုးသား များထက် အမျိုးသမီးဦးရေက ပိုများကြောင်းတွေ့ရှိရပါသည်။

### (ခ) အလုပ်လုပ်နိုင်သူအင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

<table>
<tr><th rowspan="3">စဉ်</th><th rowspan="3">လုပ်ငန်းများ</th><th colspan="5">အဓိကအလုပ်အကိုင်</th><th rowspan="3">အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)</th><th rowspan="3">ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်)</th></tr>
<tr><th rowspan="2">အိမ်ထောင်စု</th><th rowspan="2">မိသားစုဝင်လုပ်အား</th><th rowspan="2">အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု</th><th colspan="2">ဦးရေ</th></tr>
<tr><th>ကျား</th><th>မ</th></tr>
</table>

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | | | | |
| ၁ | ကိုယ်ပိုင်လုပ်ငန်း | ၁၄၇ | ၄၂၀ | ၅ | ၁၆၀ | ၂၆၀ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၇၆ | ၁၂၀ | ၆ | ၄၀ | ၈၀ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| **တိရစ္ဆာန်မွေးမြူရေး** | | | | | | | | |
| ၂ | ကိုယ်ပိုင်လုပ်ငန်း | ၁၂ | ၁၂ | | | ၁၂ | | မြင့် ✓ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ငါးလုပ်ငန်း (ရေချို/ ရေငန်ငါး/ ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | | |
| ၃ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **သစ်တောလုပ်ငန်း** | | | | | | | | |
| ၄ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| ၅ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စဉ်** | **လုပ်ငန်းများ** | **အဓိကအလုပ်အကိုင်** | | | | | **အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)** | **ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု** |

| | | | | | | | | ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| **ထုတ်ကုန်လုပ်ငန်း** | | | | | | | | |
| ၆ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း** | | | | | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၃၅ | ၄၀ | | ၃၅ | ၅ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး√** | | | | | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ✓ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)** | | | | | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **လက်လီ- လက်ကားရောင်းဝယ်ရေး** | | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၉ | ၉ | | | ၉ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ✓ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း** | | | | | | | | |
| ၁၂ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | | |
| ၁၃ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ချေးငွေဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)** | | | | | | | | |
| ၁၄ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ** | | | | | | | | |
| ၁၅ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၂ | ၂ | - | ၂ | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ပညာရေး** | | | | | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၇ | ၇ | - | ၂ | ၅ | - | မြင့် ☐ လတ် ☐ နိမ့် ✓ |
| **ကျန်းမာရေး** | | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၈ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **လူမှုရေးလုပ်ငန်းများ** | | | | | | | | |
| ၁၉ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | | |
| ၂၀ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | X |
| | အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား | ၁၀၈ | ၁၃၀ | | ၆၀ | ၇၀ | | |
| **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | | |
| ၂၁ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၉ | ၉ | | ၉ | | | မြင့် ☐ လတ် ✓ နိမ့်☐ |
| | **စုစုပေါင်း** | ၄၀၅ | ၇၄၉ | | ၃၀၈ | ၄၄၁ | | **X** |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု အသင့်တင့်ရှိပြီး၊ ကြံ့ရာ၊ ကျပန်းလုပ်ကိုင်ရသော အိမ်ထောင်စုနှင့် လူဦးရေမှာ ပိုများကြောင်းနှင့် အစိုးရ ဝန်ထမ်းလည်း နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | - | | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | ၆၀၀၀ | - | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် နေ့စားလုပ်ကိုင်ကြသောလုပ်ငန်းအမျိုးအစား (၅) မျိုး ရှိပြီး၊ အဓိကစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခမှာ(၁၅၀၀၀) ကျပ်နှင့်အနည်းဆုံးလုပ်အားခမှာ(၁၄၀၀၀)ကျပ်ဖြစ်ပြီး  လုပ်ငန်းအပေါ်မူတည်၍လုပ်အားခကွဲလွဲကြောင်းနှင့် ကျား/မခွဲ၍ လုပ်အားခကွဲလွဲ ခြင်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ)　　သဘာဝရင်းမြစ်များ**

## (၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၅၀ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၀ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၄၇၀** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမား အုပ်စု၊(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု စုစုပေါင်းဧကမှာ (၄၇၀) ဧကရှိပါသည်။၎င်းတို့အနက် လယ်မြေဧက(၄၅၀)ဧက၊ ယာမြေဧကမှာ (၂၀) ဧကတို့ ဖြစ်ပါသည်။ လယ်မြေ၊ယာမြေများမှာမြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်းနှင့်ကျေးရွာတွင် မြေလွတ်မြေရိုင်းများ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လွန်ခဲ့သော (၁၀) နှစ်က အခြေအနေ (မှန်ရာ တစ်ခုကိုသာ ရွေးရန်)** |
|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| ကျောက်၊ သဲ✓၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လွန်ခဲ့သော (၁၀) နှစ်က အခြေအနေ (မှန်ရာ တစ်ခုကိုသာ ရွေးရန်)** |
|---|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | ☒ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| ရေ- မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ☐ သင့် ✓ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| ရေ- မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ ✓ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| သစ်တော- အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော- ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |

ရင်းမြစ် ...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ရွာသစ်ကြီးကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ)နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| **အိမ်ထောင်စု** | **၈၅ စု** | **၁၅၀ စု** | **၁၀၀စု** | **၇၀ စု** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာ၏ ဥစာဓနအဆင့်ဆင့်သတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ(၂၁%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၃၇%)၊ မပြေလည် သော အိမ်ထောင်စုမှာ (၂၅%)နှင့် အလွန်ပြေလည်သောအိမ်ထောင်စုမှာ (၁၇%) ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှု နည်းပြီး၊ မိသားစုစားဝတ် နေရေးအတွက် ကျပန်းလုပ်ငန်းများ လုပ်ကိုင်နေကြရပါသည်။ ဝင်ငွေရ လုပ်ငန်း များ လုပ်ကိုင်ရန် အတတ်ပညာများတက်ရောက်မှုနည်းပါးခြင်းသည် အဓိက အခက်အခဲဖြစ်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ =___________<br>ချေးယူ =___________<br>လုပ်အားခကြိုယူ =___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ =___________<br>ချေးယူ =___________<br>လုပ်အားခကြိုယူ =___________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ =___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။ရွာသစ်ကြီး**ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသည့် အိမ် ထောင်စုမှာ မရှိကြောင်း တွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ရွာသစ်ကြီးကျေးရွာ အိမ်ထောင်စုအများစုသည် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| **စဉ်** | **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)** | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | ✓ | | | ✓ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော် | | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | ✓ |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | ✓ |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | ✓ | | | ✓ | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | ✓ | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁၇ | စားနပ်ရိက္ခာဖူလုံမှု | | ✓ | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | ✓ |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | ✓ | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | | ✓ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း စသည် | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး စားနပ်ရိက္ခာ ဖူလုံမှုရှိပါကြောင်း၊ ရာသီကူးပြောင်းမှုများတွင် ခွာနာ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်တွေ့ရပါကြောင်း၊ ကျေးရွာတွင် လူကုန်ကူးမှုမရှိပါကြောင်းနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေး(ရာဂီ) မုန်တိုင်းကြောင့် လျှပ်တပြတ်ရေကြီးမှု ဒဏ်ခံစားခဲ့ရပါကြောင်းလေ့လာတွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | | ✓ | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | ✓ | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ | ✓ | | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် | | | | | | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရ သူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | ✓ | | | ✓ | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်း သူများ | | | ✓ | | ✓ | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ရွာသစ်ကြီးကျေးရွာ၏ ထိခိုက်မှုခံရနိုင်သောလူအုပ်စုများ၊ လူငယ်၊ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု လက်လုပ်လက်စားကျပန်းလုပ်ကိုင်သူများသည် မိသားစုအတွက် အဓိကလုပ်ကိုင်နေရသောကြောင့် လုပ်ငန်းခွင်တွင် ထိခိုက်ခြင်း၊ ဆိုင်ကယ် အသုံးပြုသောသူများနှင့် ကားမောင်းသောသူများသည် မတော်တဆဖြစ်နိုင်ခြေများသောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|

| | **အမည်** | (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | **ကျား** | **မ** | **ပေါင်း** | (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | ပရဟိတ | ၁☐ ၂☐ ၃☐ | ၁၅ | ၁၀ | ၂၅ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့်✓<br>ညံ့ ☐ |
| ၂ | မီးလင်းရေး | ၁✓ ၂☐ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | လူမှုရေး | ၁☐ ၂✓ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | ဖွံ့ဖြိုးရေး | ၁☐ ၂☐ ၃✓ | ၅ | ၄ | ၉ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | ကျန်းမာရေး | ၁✓ ၂☐ ၃☐ | ၃ | ၂ | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၆ | ဘာသာရေး | ၁✓ ၂☐ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၇ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။ **အုပ်စုအမျိုးအစား**

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် လူမှုရေးအခြေပြုအဖွဲ့အစည်း (၆) ဖွဲ့ရှိပြီး ၎င်းအဖွဲ့အစည်းအားလုံး၏ စွမ်းဆောင်မှုသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး | ၁ ☐ ၂☐ ၃ ✓ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | လျှပ်စစ် | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၃ | ရဲစခန်း | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၄ | လ.ဝ.က | ၁☐ ၂☐ ၃✓ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၅ | ကျန်းမာရေး (ဌာန) | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၆ | ကျေးလက်လမ်းဖွံ့ဖြိုးရေး | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး<br>☐ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအဖွဲ့အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄၅စု | ၅ စု | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၅၀ စု | ၂ စု | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၄၀ စု | - | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၇၀ စု | - | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | - | - | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | **၄၀၅** | **၇** | **X** |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၆၀%)၊ တောင်သူငယ်နှင့် တောင်သူလတ်အိမ်ထောင်စု(၄၀%)ရှိပြီး စိုက်ပျိုးမြေများတွင် နေ့စားအငှားလိုက်ခြင်း၊ ကျပန်းလုပ်ငန်းများတွင် နေ့စားအငှားများလည်း လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

### (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | ၄၅၀ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓ မဖြေဆိုပါ☐ | ရှိ☐မရှိ ☐ မဖြေဆိုပါ✓ | လျော့☐တိုး☐ အပြောင်းအလဲမရှိ✓ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် | - | တစ်နှစ်ပတ်လုံး☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ တစ်ခုကိုသာရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | စီမံကိန်း | | ရာသီအလိုက်☐ မဖြေဆိုပါ☐ | | အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | ၂၀ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓ မဖြေဆိုပါ☐ | ရှိ✓ မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ✓ |
| ၆ | လက်ငင်ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် ဆည်ရေအလုံအလောက်ရရှိပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၄၅၀ | တင်း | ၇၀ | ၁၀၀ | ၅၀ | | | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်✓ |
| မတ်ပဲ | ၂၅ | တင်း | ၁၈ | ၂၅ | ၂၀ | | | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်✓ |
| ခရမ်းချဉ် | ၂၀ | ပိဿာ | ၅၀၀ | ၁၀၀၀ | ၉၀၀ | | | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ မတ်ပဲနှင့် ခရမ်းချဉ်တို့ စိုက်ပျိုးကြပါသည်။ အဓိကသီးနှံများစိုက်ပျိုးရာတွင် အသင့်အတင့်ထွက်ရှိသော်လည်း သွင်းအားစုမြင့်မားပြီး ရောင်းချရာတွင် ဈေးကွက်မတည်ငြိမ်မှုကြောင့် အမြတ်ရရှိမှုနည်းပါးသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၅ | – | – | ၁၄၀ |
| လက်တွန်းထွန်စက် | ၂ | – | – | - |
| အစေ့ချ ကိရိယာ | – | – | – | - |
| ရိတ်သိမ်းခြွေလှေ့စက် | ၃ | – | – | ၁၄၄ |
| ရိတ်သိမ်းစက် | – | – | – | - |
| ခြွေလှေ့စက် | – | – | – | – |
| ရေစုပ်စက် | ၁၅၀ | – | – | - |
| ခြေနင်းရေတင်စက် | - | – | – | – |
| မြက်ရိတ်စက် | ၁၀ | – | – | – |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာ**ရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာသစ်ကြီးကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက် ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ ☐ အသင့်အတင့်✓ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ✓ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ✓ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓ မဖြေဆိုပါ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓ မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ☐ |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်) | ထိခိုက်သည် ☐ မထိခိုက်ပါ ☐ မဖြေဆိုပါ✓ |

ရင်းမြစ် … (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။

